ညောင်ချောင်းကျေးရွာ၊ စခန်းကြီး ကျေးရွာအုပ်စု၊ သထုံမြို့နယ် ၊ မွန်ပြည်နယ်တွင် နေထိုင်၍ တောင်ယာစိုက်ပျိုး ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော တောင်သူ (၅၀)ကျော် တို့၏ ဘိုးဘွားပိုင်စဉ်ဆက် စိုက်ပျိုးလုပ်ကိုင်စားသောက်နေသော အကွက်အမှတ်(၈/၁၀) နှင့် (၈/၁၁) ကုလားမတောင်သစ်တောကြိုးဝိုင်းပျက်၊ ဧရိယာ (၂၀၀)ကေ ခန့်ကို (၁၉၈၄)ခုနှစ်တွင် ပြည်နယ်ဖွံ့ဖြိုးရေး အတွက်ဟုဆိုကာ ပ.လ.ဖ မှ သိမ်းဆည်းသွားပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးရန်အတွက် ဆက်လက် သိမ်းဆည်းကာ မည်သည့်သီးနှံမှ စိုက်ပျိုးခြင်းမရှိဘဲ မြေကွက်ရိုက်ရောင်းစား ခြင်းကြောင့် မိမိတို့ တောင်သူများအလွန် နစ်နာရကာ မိမိတို့ လယ်မြေများပေါ်တွင် ပြန်လည်လုပ်ကိုင်ခွင့် ရှိရန် နေပြည်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဌ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းနှင့် တာဝန်ရှိ ဌာနများသို့တောင်သူလယ်သမားများက စာပေးပို့ထားသည်။